**ကုန်တင်သွင်း/တင်ပို့သူများနှင့် အကောက်ခွန်ဝန်ဆောင်မှုကိုယ်စားလှယ်များ သိရှိနိုင်ပါရန်**

**အကောက်ခွန်ဦးစီးဌာန၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဌာနစု၏**

**အသိပေးကြေညာချက် ထုတ်ပြန်ခြင်း**

**(၁/၂၀၂၆)**

၁။ အာဆီယံနိုင်ငံအချင်းချင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အပြန်အလှန် အသိအမှတ်ပြုခြင်းအစီအစဉ်ဆိုင်ရာ သဘောတူညီချက်စာတမ်း (ASEAN Authorised Economic Operator (AEO) Mutual Recognition Arrangement Text – AAMRA Text) ကို ၁၉-၉-၂၀၂၃ ရက်နေ့တွင် အာဆီယံ (၁၀) နိုင်ငံ၏ အကောက်ခွန်အဖွဲ့အစည်းများက လက်မှတ်ရေးထိုးခဲ့ကြပြီး ဗီယက်နမ်နိုင်ငံမှလွဲ၍ ကျန် (၉) နိုင်ငံ က ၂၀-၂-၂၀၂၆ ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံနိုင်ငံများအတွင်း AAMRA အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ AEO အသိအမှတ်ပြု ကုမ္ပဏီများက အာဆီယံနိုင်ငံများသို့ ကုန်ပစ္စည်း တင်ပို့ရာ၌ တဖက်နိုင်ငံရှိ အကောက်ခွန်လုပ်ငန်းစဉ်များတွင် လွယ်ကူမြန်ဆန်ချောမွေ့စေမည်ဖြစ်သကဲ့သို့ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ AEO ကုမ္ပဏီများက မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့လာပါကလည်း မြန်မာနိုင်ငံ၏ အကောက်ခွန်လုပ်ငန်းစဉ်များတွင် လွယ်ကူမြန်ဆန်ချောမွေ့စေမည့် အခွင့်အရေး ရရှိမည်ဖြစ်ပါသည်။ ထိုသို့ AAMRA အကျိုးခံစားခွင့်များ ရရှိနိုင်ရန်အလို့ငှာ အောက်ပါအချက်များအား ဆောင်ရွက်ရန် လိုအပ်ပါသည်-

(က) **အာဆီယံနိုင်ငံများနှင့် တင်သွင်း/တင်ပို့ခြင်း ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ AEO ကုမ္ပဏီများ**

အာဆီယံနိုင်ငံများနှင့် တင်သွင်း/တင်ပို့ခြင်း ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ AEO အသိအမှတ်ပြု ကုန်တင်သွင်း/တင်ပို့သူများအနေဖြင့် တဖက်နိုင်ငံရှိ မိမိတို့၏ မိတ်ဖက်ကုမ္ပဏီများအား ၎င်းတို့၏ သွင်းကုန်/ထုတ်ကုန် ကြေညာလွှာ (Import/ Export Declaration) များတွင် မိမိတို့၏ AEO code အား ထည့်သွင်းဖော်ပြရန်အတွက် ကြိုတင်အသိပေး အကြောင်းကြားရန်။

(တဖက်နိုင်ငံကုမ္ပဏီအနေဖြင့် AEO ဖြစ်ရန် မလိုအပ်ပါ။)

(ခ) **အာဆီယံနိုင်ငံများ၏ AEO ကုမ္ပဏီများနှင့် တင်သွင်း/တင်ပို့ခြင်းဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ AEO နှင့် Non-AEO ကုမ္ပဏီများ**

(၁) အာဆီယံနိုင်ငံများနှင့် တင်သွင်း/တင်ပို့ခြင်း ဆောင်ရွက်မည့် ကုန်တင်သွင်း/တင်ပို့သူများအနေဖြင့် မိမိတို့၏ မိတ်ဖက်ကုမ္ပဏီသည် တဖက်နိုင်ငံတွင် AEO ဖြစ်ပါက ၎င်း၏ AEO Code အား တောင်းယူ၍ ကြေညာလွှာ မတင်သွင်းမီ (၃) ရက်အလိုတွင် နှောင်းစာရင်းစစ်ဆေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများဌာနခွဲ၊အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာဌာနစုသို့ မိတ်ဖက်ကုမ္ပဏီ၏ AEO Code နှင့်အတူ လာရောက်လျှောက်ထားရန်။

(၂) ကုန်တင်သွင်း/တင်ပို့သူမှ ကြေညာလွှာတင်သွင်းရာ၌ မိတ်ဖက်ကုမ္ပဏီ၏ AEO code အား MACCSစနစ်တွင် သတ်မှတ်နေရာ၌ ထည့်သွင်းဖော်ပြရန်။

၂။ ကုန်တင်သွင်း/တင်ပို့သူများအနေဖြင့် ကြေညာလွှာ၌ တဖက်မိတ်ဖက်ကုမ္ပဏီ၏ AEO code အား သက်ဆိုင်ရာအကွက်တွင် မှန်ကန်တိကျစွာ ဖြည့်သွင်းခြင်းဖြင့် တဖက်နိုင်ငံ၏ ကုမ္ပဏီအမည်နှင့် လိပ်စာတို့အားစနစ်မှ အလိုအလျောက် ဖြည့်သွင်းပေးမည် ဖြစ်ပါသည်။ AEO code ထည့်သွင်းကြေညာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) MACCS စနစ်တွင် သွင်းကုန်/ထုတ်ကုန် ကြေညာလွှာ တင်သွင်းသည့်အခါ မိတ်ဖက်ကုမ္ပဏီ၏ AEO code အား ဖြည့်သွင်းရာ၌ ကုဒ်အရေအတွက် ၁၃ လုံး (အင်္ဂလိပ်အက္ခရာ+ကိန်းဂဏန်း) အတိအကျဖြည့်သွင်းရမည်ဖြစ်ပါသဖြင့် တဖက်ကုန်သွယ်ဖက် ကုမ္ပဏီ၏ AEO code မှာ ၁၃ လုံးမပြည့်ပါက အင်္ဂလိပ်အက္ခရာ နှင့် ကိန်းဂဏန်း ကြား တွင် သုည (zero) အား လိုအပ်သည့်အရေအတွက်အတိုင်း ဖြည့်စွက်ရန်။

(ခ) မိတ်ဖက်ကုမ္ပဏီ၏ AEO code တွင် "_" (hyphen) ၊ "." (dot) နှင့် " : " (colon) ကဲ့သို့သော သင်္ကေတများပါဝင်နေပါက စနစ်က လက်မခံနိုင်သဖြင့် အဆိုပါသင်္ကေတ များအား ဖယ်ရှားရန်။


(ဂ) ကုဒ်အရေအတွက် ၁၃ လုံးကျော်လွန်သော ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ နှင့် ဗီယက်နမ်နိုင်ငံတို့အတွက် တဖက်နိုင်ငံအကောက်ခွန်၏ အကြံပြုချက်နှင့်အညီ ဖြည့်သွင်းရန်။

၃။ သို့ဖြစ်ပါ၍ အထက်အပိုဒ် (၂) ပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ MACCS စနစ်တွင် ဖြည့်သွင်းရမည့် AEO code များအား အောက်ပါနည်းလမ်းအတိုင်း ပြင်ဆင်၍ IDA/EDA အဆင့်တွင် မျှားပြထားသည့် အကွက် Consignor/Consignee box အတွင်း ထည့်သွင်းကြေညာရပါမည်-


| **ASEAN Member State** | **AEO Code Format** | **AEO Code to be declared in Myanmar's System** |
|---|---|---|
| **Brunei Darussalam** | SLMSBN-XXXXXX-XXX | AEOBNXXXXXXXX<br><br>Replace "SLMS" with "AEO", remove hyphens and the 15th character number |
| **Cambodia** | AEOKHXXXXXXX | AEOKH0XXXXXXX<br><br>Add zero (0) between alphabet and number |
| **Indonesia** | AEOIDXXXXXXXXX | EOIDXXXXXXXXX<br><br>Remove the first digit "A" |
| **Lao PDR** | LAAEOXXXXXXX | LAAEO0XXXXXXX<br><br>Add zero (0) between alphabet and number |
| **Malaysia** | MYXXXXXXXXXXXX | MYXXXXXXXXXXX<br><br>Remove the 11th digit which represents the sequence number |
| **Philippines** | XXXX-AEO-L2-XXX | XXXXAEOL02XXX<br><br>Remove hyphens and add zero (0) between alphabet and number |
| **Singapore** | AEOSGXXXXXXXXXXX | SGXXXXXXXXXX<br><br>Remove the first 3 digits and the last digit |
| **Thailand** | THXXXXXXX | THXX000XXXXX<br><br>Add zero (0) for three times between alphabet and number |
| **Viet Nam** | AEOVNXXXXXXXXXX (15 digits) or AEOVNXXXXXXXXXXXXX (18 digits) | AEOXXXXXXXXXX<br><br>Remove the country code "VN" |

| | | |
|---|---|---|
| | | (or)<br><br>XXXXXXXXXXXXXX<br>Remove the prefix "AEO" and country code "VN" |

For Import Declaration:



<u>For Export Declaration:</u>




၄။ အာဆီယံ (၁၀) နိုင်ငံ၏ AAMRA ဆိုင်ရာ သွင်းကုန်/ထုတ်ကုန် ကြေညာလွှာ တင်သွင်းခြင်း လမ်းညွှန်ချက်များအား 

တွင် ကြည့်ရှုနိုင်သည့်အပြင် အသေးစိတ်သိရှိလိုပါက ရုံးဖွင့်ရက်များအတွင်း ရုံးချိန်အတိုင်း AEO ဌာနစု၏ ဖုန်း (၀၉-၆၉၆၉၀၀၃၂၃) သို့လည်းကောင်း၊ အီးမေးလ် [myanmaraeo@gmail.com](mailto:myanmaraeo@gmail.com) သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။